**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 11, 2020 Volume 31, Number 5

| ၁၁.၅.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၀၁ -US$ |
| မြန်မာ့ရွှေဈေး | = ၁၁၈၂၅၀၀ |
| ဒေါ်လာဈေး | = ၁၄၀၇/- ကျပ် |
| CBM Rate | = ၁၃၉၇.၈ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၁၁.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၇.၈၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၂၉.၁ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၃.၇ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၀.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၂၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၄၇၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၂၉ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၂.၅၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၄၆၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## COVID-19 ကြောင့် ဈေးကွက်မဖွင့်သဖြင့် ပြည်တွင်းရွှေဈေးကျဆင်းနေ



ဘဏ်အတိုးနှုန်း လျှော့ချလိုက်သော်လည်း COVID-19 ရောဂါကြောင့် ရန်ကုန် ရွှေဈေးကွက် ရပ်နားထားသဖြင့် ပြည်တွင်းရွှေဈေးက နိုင်ငံတကာဈေးနှုန်းအောက် ကျဆင်းနေကြောင်း ရွှေလုပ်ငန်းရှင် အချို့ကပြောသည်။

ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁,၇၀၀ ကျော် ဈေးဖွင့်ချိန်တွင် ပြည်တွင်း ရွှေဈေးက ၁,၁၈၀,၀၀၀ ဝန်းကျင်သာ ဈေးဖွင့်သည်။ ကမ္ဘာ့ရွှေဈေးနှုန်း အတိုင်း ဈေးနှုန်းသတ်မှတ်မည်ဆိုလျှင် ဆယ့်နှစ်သိန်းကျပ် အထက်တွင်သာ ဈေးဖွင့်ရမည်ဟု ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်ကဆိုသည်။

ရွှေဘုံသာလမ်း အောက်ဘလောက်တွင်ရှိသော ရန်ကုန်တိုင်း ရွှေလုပ်ငန်းများ အသင်းရုံး၌ ဖွင့်လှစ်ထားသော ရွှေဈေးကွက်ကို COVID-19 ရောဂါကြောင့် မေလ ၁၅ ရက်အထိ ပိတ်ထားရသည်။ ထို့အပြင် ရွှေဆိုင်အချို့သာဖွင့်လှစ်ပြီး အများစုက ပိတ်ထားသည်။ “ဈေးကွက်ပြန်ဖွင့်ရင် ရွှေဈေးက ဆယ့်နှစ်သိန်းအထက်ကို တက်သွားနိုင်တယ်”ဟု ဦးမျိုးမြင့်ကခန့်မှန်းသည်။ ဈေးကွက်ပြန်လည်ဖွင့်လှစ်ပြီးနောက်ပိုင်းတွင် ဘဏ်အတိုးနှုန်းလျှော့ချမှုနှင့်ဆက်စပ်ပြီး ရွှေဝယ်ယူရင်းနှီးမြှုပ်နှံမှု မြင့်တက်လာမည်ဟုမျှော်လင့်ကြောင်း ရွှေဆိုင်ပိုင်ရှင်တစ်ဦးကပြောသည်။

COVID-19 ရောဂါ မြန်မာနိုင်ငံသို့ ရောက်ရှိလာချိန်တွင် စီးပွားရေးကို အထောက်အကူပြုရန် ဗဟိုဘဏ်က ဘဏ်အတိုးနှုန်းကို ၃ ရာခိုင်နှုန်းအထိ လျှော့ချခဲ့သည်။ အပ်ငွေအပေါ် အတိုးနှုန်းကို ၈ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်း၊ ချေးငွေအတိုးနှုန်းကို ၁၃ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချခဲ့သည်။ ပြည်တွင်းရွှေဈေးကွက် အပြောင်းအလဲက COVID-19ရောဂါပျံ့နှံ့မှုအခြေအနေပေါ်တွင် မူတည်နေကြောင်း ရွှေလုပ်ငန်းရှင်အချို့က ပြောသည်။ လက်ရှိပြည်တွင်းရွှေဈေးနှုန်းကျဆင်းမှုက အိန္ဒိယနိုင်ငံသို့ ရွှေမှောင်ခိုတင်ပို့မှု ကျဆင်းမှုနှင့်လည်း သက်ဆိုင်ကြောင်း ၎င်းတို့ကသုံးသပ်သည်။ COVID-19 ရောဂါကြောင့် အိန္ဒိယနိုင်ငံက နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများ ပိတ်ထားသည်။

**Source:** https://7day.news/detail?id=185796

## ငွေကြေး ခဝါချမှုဆိုင်ရာ အန္တရာယ်ရှိမှု မြင့်မားသည့် နိုင်ငံများစာရင်းသို့ မြန်မာကိုအီးယူထည့်သွင်း



မြန်မာနိုင်ငံကို ငွေကြေးခဝါချမှုဆိုင်ရာ အန္တရာယ်ရှိမှု မြင့်မားသည့်စာရင်းသို့ ထည့်သွင်းလိုက်ကြောင်း ဥရောပသမဂ္ဂ (အီးယူ)က မေ ၇ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ အဆိုပါစာရင်း၌ မြန်မာနိုင်ငံအပါအဝင် နိုင်ငံ ၂၂ နိုင်ငံကို ထည့်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်ငွေကြေး တိုက်ဖျက်မှုဆိုင်ရာလုပ်ငန်းစဉ်များတွင် တိုးတက်မှုများရှိခဲ့ခြင်းကြောင့် ၂၀၁၆ မှ ၂၀၂၀ အထိ အဆိုပါစာရင်းထည့်သွင်းခြင်းမှ ကင်းလွတ်ခဲ့ပြီး ယခုအခါတွင်မှပြန်လည် စာရင်းသွင်းခံခဲ့ရခြင်းဖြစ်သည်။

ယခုကဲ့သို့ စာရင်းသွင်းခံရခြင်းသည် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက် တိုက်ဖျက်ရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် အားနည်းချက်များသည့်အတွက် ပိုမိုသတိထားစောင့်ကြည့်ရမည့် နိုင်ငံအဖြစ်သဘောသက်ရောက်စေသည်။ ငွေကြေးလွှဲပြောင်းမှုဆောင်ရွက်မှုများနှင့် စီးပွားရေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုများဆောင်ရွက်ရာတွင် ပိုမိုတင်းကျပ်စွာစိစစ်ခံရနိုင်သော အခြေအနေဖြစ်သည်။

မြန်မာနိုင်ငံသည် နာမည်ပျက်စာရင်း တင်သွင်းခံရခြင်းမဟုတ်ဘဲ အန္တရာယ်ရှိမှုမြင့်မားသည့်စာရင်းသို့ တင်သွင်းခံရခြင်းဖြစ်သည်။ ယခုကဲ့သို့ စာရင်းသွင်းခံရခြင်းကြောင့် ပြည်တွင်းရှိငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များသည် ဥရောပသမဂ္ဂအဖွဲ့အဝင် နိုင်ငံများနှင့် ငွေကြေးဆိုင်ရာလွှဲပြောင်း ဆောင်ရွက်မှု၊ ရင်းနှီးမြှုပ်နှံမှု များတွင် စိစစ်စောင့်ကြည့်ခြင်းခံရမည်ဖြစ်ပြီး ငွေကြေးခဝါချမှုနှင့် အကြမ်းဖက် ငွေကြေးတိုက်ဖျက်မှု ဆိုင်ရာလုပ်ငန်းစဉ်များ တိုးတက်မှသာအဆိုပါစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်ဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/139076.html

## ပြည်တွင်းစက်သုံးဆီဈေးနှုန်း အနည်းငယ်ပြန်တက်



ပြည်တွင်းစက်သုံးဆီဈေးသည် မေလ ၉ ရက်တွင် တစ်လီတာလျှင် ၁၀ ကျပ်စီ ဆက်လက်မြင့်တက်ခဲ့သည်။ စက်သုံးဆီဈေးသည် ဖေဖော်ဝါရီကစ၍ ဆက်တိုက်ကျဆင်းခဲ့ရာမှ မေလ ၇ ရက်တွင် တစ်လီတာလျှင် ၁၀ ကျပ်နှုန်းဖြင့် တစ်ကျော့ပြန်မြင့်တက်ပြီးနောက် ဈေးထပ်မံမြင့်တက်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်အထိုင် စက်သုံးဆီအရောင်းဆိုင်အများစုတွင် မေလ ၉ ရက်က အောက်တိန်း-92 တစ်လီတာလျှင် ကျပ် ၃၂၀၊ အောက်တိန်း-95 တစ်လီတာလျှင် ကျပ် ၄၆၀၊ ဒီဇယ်တစ်လီတာလျှင် ကျပ် ၄၄၀ နှင့် ပရီမီယံဒီဇယ် တစ်လီတာလျှင် ကျပ် ၄၆၀ နှုန်းဖြင့်ရောင်းချသည်။

"ဈေးကျတော့လည်း တစ်ရိုန်ထိုးကျပြီး အခုတရိပ်ရိပ် ပြန်တက်လာပြန်တယ်။ ကမ္ဘာ့ရေနံစိမ်းဈေးကလည်း ပြန်လှုပ်လာတော့ ပြည်တွင်းဈေးကွက်အခြေအနေက အတက်ဘက်ကို ပြန်ဦးတည်လာတာမျိုး တွေ့ရတယ်။ ဒီအချိန်မှာက နေ့ချင်းညချင်းအခြေအနေက ပြောင်းနိုင်တော့ ရှေ့ဆက်အလားအလာ မှန်းဖို့တော့ခက်နေ သေးတယ်" ဟု စက်သုံးဆီရောင်းဝယ်ရေး ဈေးကွက်ကျွမ်းကျင်သူ ဦးကျော်စိုးက ပြောသည်။ ကမ္ဘာ့ ရေနံစိမ်းဈေးမှာလည်း တစ်ပတ်အတွင်း သုံးဒေါ်လာခန့် ပြန်တက်လာ၍ ပြည်တွင်းဈေးနှုန်းလိုက်ပါပြောင်းလဲ လာခြင်းဖြစ်ကြောင်း ဈေးကွက်ကျွမ်းကျင်သူများက ဆိုသည်။

**Source:** https://7day.news/detail?id=185733

## ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်များဖြင့် တရုတ်နိုင်ငံသို့ ဆန်ပြန်လည်တင်ပို့

ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်များဖြင့် တရုတ်နိုင်ငံသို့ ယခုလဒုတိယပတ်အတွင်း ဆန်တင်ပို့မှုများ ပြန်လည် လုပ်ကိုင်လာကြောင်း မူဆယ်ဆန်ကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။ သင်္ကြန်မတိုင်မီက ရပ်နားခဲ့သော နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ ဆန်တင်ပို့မှုသည် လက်ရှိအချိန်တွင် တစ်ရက်လျှင် ဆန်အိတ်ရေ ၆၀၀၀ ခန့် တင်ပို့ နိုင်ကြောင်း ၎င်းကပြောသည်။ လက်ရှိ မြန်မာ-တရုတ် နယ်စပ်တွင် ဆန်တစ်အိတ်ဈေးနှုန်းသည် ၁၃၅ ယွမ် (၂၆,၁၀၀ ကျပ်) ဈေးဖွင့်သည်။ ယခု တရုတ်နိုင်ငံသို့ ရောင်းချသည့် ဆန်များသည် မေလအတွင်း နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းမှ တင်ပို့ရန် ရည်မှန်းထားသော ဆန်တန်ချိန် ၅၀,၀၀၀ အထဲမှ တင်ပို့နေခြင်းဖြစ်သည်။ သို့သော် ပိုးမွှားကင်းစင်ကြောင်း လက်မှတ် မရသေးသည့် ကျယ်ဂေါင်တွင် ပိတ်မိနေသော ဆန်တန်ချိန် ၅,၀၀၀ ကလည်း ယခုတစ်ပတ်အတွင်း လက်မှတ်ရရှိ၍ ထုတ်ယူ နိုင်မည်ဟု ဦးမင်းသိန်းက ခန့်မှန်းပြောကြားသည်။

တရုတ်အစိုးရ၏ နယ်စပ်မှ ဆန်တင်သွင်းမှု မူဝါဒအပြောင်းအလဲကြောင့် နယ်စပ်မှ ယူနန်ပြည်နယ်သို့ ဆန်တင်ပို့ရန် အခက်အခဲဖြစ်နေသူများကို ပင်လယ်ရေကြောင်းမှ တင်ပို့နိုင်ရန်စီစဉ်ပေးမည်ဟု မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ကြေညာ ချက်ထုတ်ပြန်ထားသည်။ တရုတ်အစိုးရက မြန်မာနိုင်ငံမှ ဆန်နှင့်ဆန်ကွဲတင်သွင်းရာတွင် နှစ်နိုင်ငံအကြီးအကဲများ ရှေ့တွင် ချုပ်ဆိုထားသည့် စာချုပ်များအတိုင်း ဆန်နှင့်ဆန်ကွဲ စစ်ဆေးခြင်းနှင့် အစားအသောက် ဘေးအန္တရာယ်ကင်းရှင်းစေရန် အချက် ၁၀ ချက်ပါ နှစ်နိုင်ငံသဘောတူညီစာချုပ်ကို လိုက်နာရမည်ဖြစ်သည်။ COVID-19 ရောဂါဖြစ်နေချိန်တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ဆန်တင်ပို့ခြင်းကို မေလအတွင်း တန်ချိန်တစ်သိန်းခွဲတင်ပို့ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်က ရည်မှန်းထားသည်။ ထိုတန်ချိန် တစ်သိန်းခွဲတွင် နယ်စပ်ကုန်သွယ်ရေးဖြင့် တရုတ်နိုင်ငံသို့ တန်ချိန် ၅၀,၀၀၀ တင်ပို့သွားမည်ဖြစ်သည်။

**Source:** https://7day.news/detail?id=185798

## မန္တလေးတိုင်းတွင် ယခုနှစ် မိုးသီးနှံအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၄၇ ဘီလျံကျော် ထုတ်ချေးမည်



မန္တလေးတိုင်းအတွင်းရှိ တောင်သူလယ်သမားများအား ယခုနှစ် မိုးသီးနှံအတွက် စိုက်ပျိုးစရိတ်ချေးငွေ ကျပ် ၁၄၇ ဘီလျံကျော် ထုတ်ချေး ပေးသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်မှသိရသည်။ တိုင်းဒေသကြီးအတွင်း မြို့နယ်များအားလုံးရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်များတွင် ယခုလ ၁၅ ရက်နေ့မှ စတင်ကာ ထုတ်ချေးပေးနိုင်ရန် ပြင်ဆင်လျက်ရှိကြောင်း၊ မိုးစပါး အပါအဝင် အခြားသီးနှံများအတွက် စုစုပေါင်း ကျပ် ၁၄၇ ဒသမ ၆၅ ဘီလျံ ထုတ်ချေး ပေးမည်ဖြစ်ကြောင်း တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မန်နေဂျာ ဒေါ်ယဉ်နွဲ့ကပြောသည်။ “ အခုချိန်ကတော့ ပြီးခဲ့တဲ့နှစ်က ထုတ်ချေးပေးထားတဲ့ မိုးချေးငွေတွေကို ပြန်ကောက်နေတာပေါ့။ ဒီနှစ်အတွက်က လာမယ့် ၁၅ ရက်ကနေ စတင်ပြီးတော့ သက်ဆိုင်ရာမြို့နယ်အလိုက် လယ်ယာဖွံ့ဖြိုးရေးဘဏ်တွေကတစ်ဆင့် ထုတ်ချေးပေးမယ်။ ငွေထုတ်ချေးပေးရင်းနဲ့ ကျန်နေတဲ့ ချေးငွေတွေကိုလည်း ပြန်ကောက်ရမှာပေါ့ ” ဟု ၎င်းက ပြောသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် (မန္တလေး) အနေဖြင့် အမှန်တကယ် ထုတ်ချေးပေးရန် ကျပ်ငွေ ၁၄၇ ဘီလျံကျော်ကို ခွင့်ပြုထားပြီးဖြစ်ကာ ယခုနှစ် မိုးရာသီသီးနှံချေးငွေအဖြစ် ၁၆၂ ဒသမ ၉၆ ဘီလျံ ထုတ်ပေးရန်လျာထားသည့်အတွက် လိုအပ်ပါက တိုးမြှင့်ထုတ်ပေးမည်ဖြစ်ကြောင်းသိရသည်။ “ဒီနှစ်တောင်သူတွေက ချေးငွေထုတ်ဖို့ တင်ပြတာများလာတယ် ဆိုရင် ကျွန်မတို့လျာထားချက်အတိုင်း တိုးမြှင့်ထုတ်ပေးမှာပါ ” ဟု ဒေါ်ယဉ်နွဲ့ကပြောသည်။ ပြီးခဲ့သည့်နှစ် မိုးသီးနှံချေးငွေ အဖြစ်ထုတ်ချေးထားသည့် ချေးငွေများအနက် လက်ရှိတွင် ကျပ် ၉၂ ဒသမ ၂၆ ဘီလျံအား ပြန်လည် ကောက်ခံရရှိထားပြီး ၆၂ ဒသမ ၅ ရာခိုင်နှုန်း ပြန်လည်ကောက်ခံရရှိထားခြင်းဖြစ်ကြောင်း၊ သို့သော်ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသေးသည့် တောင်သူ များလည်း ရှိနေသေးသည့်အတွက် ချေးငွေပြန်ဆပ်ရန်ကျန်ရှိနေသည့် တောင်သူများအနေဖြင့် ယခုနှစ်ချေးငွေကို ထုတ်ယူ

ခွင့်ပြုမည်မဟုတ်ကြောင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှသိရသည်။ “တောင်သူဆိုတာက သိတဲ့အတိုင်းပေါ့။ သီးနှံကောင်းတယ်ဆိုရင် တစ်ခါတည်းဆပ်တာပါပဲ။ ချေးငွေဆပ်ဖို့ ကျန်တဲ့တောင်သူက ဒီနှစ်သီးနှံမကောင်းတာတို့ သီးနှံပေါ်ချိန်ဆိုလည်း ဈေးကောင်းမရလိုက်တာတို့ကြောင့်ဖြစ်တာပေါ့။ အခုဆိုပိုဆိုးတာပေါ့ ရောဂါတွေဖြစ်ကြတာဆိုတော့ အကုန်လုံးပိတ်ထားကြတော့ ရသင့်သလောက် ပြန်မရတော့ဘူး” ဟု မတ္တရာမြို့နယ်မှ တောင်သူကိုကျော်စိုးက ပြောသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ၂၀၁၇-၁၈ ခုနှစ်မှ စတင်ကာ စပါးတစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ကြံစိုက်ခင်း တစ်ဧကလျှင် ကျပ် ၁၀၀၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ ချည်မျှင်ရှည်ဝါ၊ အစေ့ထုတ်ပြောင်းအတွက် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့်လည်းကောင်း ထုတ်ချေးပေးနေသည်။

**Source:** https://myanmar.mmtimes.com/news/139089.html

## လိုက်ချီးသီး အထွက်များသော်လည်း ဈေးကွက်မရှိ၍ စိုက်ပျိုးသူနှင့် ရောင်းသူများ အခက်ကြုံ



ကလေးဒေသတွင် လိုက်ချီးသီးများ အထွက်များနေသော်လည်း ရောင်းသူဝယ်သူနည်းပါးနေသည့်အတွက် စိုက်ပျိုးသူများနှင့် ရောင်းဝယ်သူများ အခက်အခဲရှိနေကြောင်း လိုက်ချီးသီးစိုက်ပျိုး ရောင်းဝယ်သူ ကိုနေထွန်းလင်းက ပြောသည်။ ကလေးဒေသတွင် လိုက်ချီးသီးကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးမှုများပြားပြီး ထွက်ရှိလာသည့် လိုက်ချီးသီးများကို ချင်းပြည်နယ်သို့လည်းကောင်း၊ မြန်မာ-အိန္ဒိယနယ်စပ် မီဇိုရမ်နှင့် မဏိပူရပြည်နယ်များသို့လည်းကောင်း၊ ချင်းတွင်းအထက်ပိုင်းမြို့များသို့လည်းကောင်း နှစ်စဉ်တင်ပို့ရောင်းချမှုများရှိရာ ယခုနှစ်တွင် COVID-19 ရောဂါကြောင့် ရောင်းဝယ်မှုကို ရပ်ဆိုင်းထားရကြောင်းသိရသည်။ "အပင်ကနေ ကောက်ရောင်းဖို့လည်းခက်နေသလို လာဝယ်သူလည်းနည်းတယ်။ ကလေးမြို့ပေါ်မှာရှိတဲ့ သစ်သီးမျိုးစုံရောင်းဝယ်ရေးဆိုင်တွေ မှာတင်ရောင်းတာနဲ့ ခေါင်းရွက်ဗျပ် ထိုးဈေးသည်လေး တစ်ဦးစ နှစ်ဦးစ ဝယ်ရောင်းတာမျိုးရှိတယ်။ ကျွန်တော့် ခြံထဲမှာစိုက်ထားတဲ့လိုက်ချီးသီးတွေဆိုရင် နှစ်တိုင်းအပင်ပြတ်ဝယ်ကြ တာမျိုးရှိတယ်။ အခုနှစ်တော့ ဝယ်သူမလာဘူး။ အနည်းအကျဉ်းကောက် ရောင်းရတာမျိုးတော့ရှိတယ်"ဟု ၎င်းကပြောသည်။ ကလေးချင်းတောင်ဒေသတွင် လိုက်ချီးသီးကို လက်ဆောင်ပေးရန်လည်းကောင်း၊ မိသားစုစားသုံးရန်လည်းကောင်း၊ ဒေသထွက်လိုက်ချီးအရက်၊ လိုက်ချီးဝိုင်ချက်လုပ်ရာတွင်လည်းကောင်း အသုံးပြုရန်ဝယ်ယူမှု များပြားကြောင်းသိရသည်။ ယခင်နှစ်များက သစ်သီးစုံရောင်းချသည့် ဈေးတန်းများအပြင် ကားဂိတ်၊ ဘူတာရုံနှင့် လူစည်ကားရာနေရာများတွင် ရောင်းချမှုများရှိခဲ့သည်။

ကလေးဒေသ လိုက်ချီးသီးပေါ်ချိန်သည် မိုးဦးကာလ မေလတစ်လလုံး ဖြစ်သည်။ လိုက်ချီးသီးသည် အပင်မှ ခူးဆွတ်ချိန်၌ မိုးရွာသွန်းပါက အချိုဓာတ်ပိုမိုရရှိကြောင်းသိရသည်။ မိုးဓာတ်မရသောလိုက်ချီးသီးမှာ အချဉ်ဓာတ်များသည်ဟုပြောသည်။ ပြီးခဲ့သည့်နှစ်က လိုက်ချီးသီးပေါ်ချိန်တွင် အပင်ပြတ်ဝယ်ယူမှုရှိပြီး မြန်မာအိန္ဒိယနယ်စပ်ဈေးသို့ သွားရောက်ရောင်းချလေ့ရှိကြောင်း သိရသည်။

**Source:** https://myanmar.mmtimes.com/news/139019.html

## Covid-19 ကြောင့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများ ပြန်လည်ရုပ်သိမ်းခြင်းမရှိဟုဆို

လက်ရှိဖြစ်ပွားလျက်ရှိသည့် Covid-19 ကြောင့် ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာများ ပြန်လည်ရုပ်သိမ်းသွားခြင်းမရှိကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်ကပြောကြားသည်။ “ကျွန်တော်တို့

ရှိပြီးသား အဆိုပြုလွှာတွေကတော့ နောက်ဆုတ်မသွားဘူး။ ခင်ဗျားတို့ကိုတင်ပြထားတဲ့လုပ်ငန်းကို မတင်ပြတော့ဘူး မဟုတ်ဘူး။ ကျွန်တော်တို့ရဲ့ခွင့်ပြုမိန့်ကို စောင့်နေတာ။ ရင်းနှီးမြှုပ်နှံမှုကြီးကြီး ငါးခုဆိုတာ လောလောဆယ် လက်ထဲမှာ ရှိထားတာလည်း ပါကောင်းပါမယ်။ အသစ်လည်း ပါကောင်းပါမယ်။ ဒါကို နိုင်ငံတော်အကြီးအကဲတွေ ကိုင်တွယ်ဆောင်ရွက်နေတဲ့အတွက် မသိသေးတာလည်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ရောက်လာပြီဆိုတာနဲ့ ခပ်မြန်မြန်ခွင့်ပြုပေးရမယ်ဆိုတဲ့ လမ်းညွှန်ချက်ရှိပြီးသားပါ” ဟု ၎င်းကပြောဆိုသည်။

ခွင့်ပြုမိန့်စောင့်ဆိုင်းသည့်လုပ်ငန်းများအနေနှင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် လုပ်ငန်းရှင်ကိုယ်တိုင် ပြုပြင်ရမည့်အချက်များကို ဆောင်ရွက်ဆဲဖြစ်ပြီး Covid-19 စတင်ဖြစ်ပွားသည့်ကာလမှ လက်ရှိအချိန်အထိ ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် ဝင်ရောက်လာသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအချို့ရှိကြောင်း ယင်းဌာနထံမှသိရသည်။ ထို့ပြင် ပြည်ထောင်စုအစိုးရအဖွဲ့ကလည်း ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်းငါးခုကို တိုက်ရိုက်ခွင့်ပြုပေးရန်ရှိကြောင်းသိရသည်။

၂၀၂၀ ပြည့်နှစ် မတ်လကုန်အထိ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သည့်နိုင်ငံများမှာ စင်ကာပူ၊ တရုတ်နှင့်ထိုင်းနိုင်ငံတို့ဖြစ်ပြီး နိုင်ငံပေါင်း ၅၁ နိုင်ငံက စီးပွားရေးကဏ္ဍ ၁၂ ခုတွင် အများဆုံးရင်းနှီးမြှုပ်နှံထားရှိမှုမှာ ရေနံနှင့် သဘာဝ ဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၉၄ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၂၆ ရာခိုင်နှုန်းဖြင့်လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၁၈ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြောင်းသိရသည်။

**Source: The Voice** https://news.ydnp.net/345739/

## တရုတ်သို့ ဆန်နှင့် ဆန်ကွဲတင်ပို့ရာတွင် ကနဦးကုမ္ပဏီ ၁၁ ခုသာ စာချုပ်ချုပ်တင်ပို့ရောင်းချရမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ နယ်စပ်မှ ဆန်/ဆန်ကွဲ တင်ပို့ရောင်းချရာတွင် မြန်မာနိုင်ငံဘက်က ကုမ္ပဏီ ၄၃ ခုကို စိစစ်ပေးပို့ထားဆဲကာလတွင် ယခင် ၂၀၁၄ ခုနှစ်က စာချုပ်တွင်ခွင့်ပြုပေးခဲ့သည့် ကုမ္ပဏီ ၁၁ ခုကို ကနဦးလက်ခံအသိအမှတ်ပြုထားသဖြင့် ယင်းကုမ္ပဏီ ၁၁ ခုကသာ စာချုပ်ချုပ်ဆိုတင်ပို့ရောင်းချမှုကို ဆောင်ရွက်ရန် ပူးတွဲကြေညာချက်အရသိရသည်။ လတ်တလောကြုံတွေ့နေရသည့် အခက်အခဲများကို ညှိနှိုင်းဖြေရှင်းနိုင်ရန်နှင့် ကုန်သွယ်ရောင်းဝယ်မှု ပြုလုပ်ရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံချုပ်ဆိုထားသည့်စာချုပ်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလုပ်ဆောင်နိုင်ရန်အတွက် အစိုးရ-ပုဂ္ဂလိကပူးပေါင်း၍ မေလ ၄ ရက် နေ့က စိုက်ပျိုးရေးဦးစီးဌာန၊ ကုန်သွယ် ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ဆန်စပါးကုန်စည်ဒိုင် (မူဆယ်)၊ ဆန်စပါးကုန်သည်အသင်း (မန္တလေး) တို့မှ တာဝန်ရှိသူများ ပါဝင်သည့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းမှုများကို မေ ၈ ရက်နေ့ညပိုင်းက ပူးတွဲကြေညာချက် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ ကျန်ကုမ္ပဏီများကို တရုတ်နိုင်ငံ ဘက်က စိစစ်ဆဲဖြစ်ပြီး ကုမ္ပဏီ ၄၃ ခုက အဆိုပြုထားသည့် ဆန်စက်/သိုလှောင်ရုံ များကို စိစစ်/စစ်ဆေးရာတွင် ရန်ကုန် တိုင်းဒေသကြီး ၃၃ ခု၊ ဧရာဝတီတိုင်းဒေသကြီး ၂၆ ခု၊ ပဲခူးတိုင်းဒေသကြီး ၁၂ ခု၊ မန္တလေးတိုင်းဒေသကြီး ၃ ခု၊ နေပြည် တော် ၃ ခု၊ စစ်ကိုင်းတိုင်းဒေသကြီး ၁ ခု၊ မကွေးတိုင်းဒေသကြီး ၁ ခုဖြစ်၍ ယင်း ဆန်စက်/သိုလှောင်ရုံများအနက်မှ တရုတ်နိုင်ငံ GACC က လက်ခံသည့် ကုမ္ပဏီများ၏ ဆန်စက်/သိုလှောင်ရုံများတွင် ဆန်/ဆန်ကွဲများကို လိုအပ်သည့် ပြင်ဆင်မှုများပြုလုပ်၍ တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနိုင်မည့် အခြေအနေဖြစ်ကြောင်း ကြေညာချက်တွင်ပါရှိသည်။ လက်ရှိ မူဆယ်သို့ရောက်ရှိနေသည့် ဆန်/ဆန်ကွဲများအတွက် CCIC စစ်ဆေးမှုနှင့် ပိုးသတ်မှိုင်းတိုက်မှုများပြုလုပ်ပြီးပါက စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲအနေနှင့် နှစ်နိုင်ငံချုပ်ဆိုထားသည့် စာချုပ်နှင့်အညီ တရုတ်နိုင်ငံဘက်က လက်ခံထားသည့် ကုမ္ပဏီ ၁၁ ခုအတွက် Phytosanitary Certificate ကို ရန်ကုန်မြို့တွင် ထုတ်ပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ထံမှသိရသည်။

ထို့ပြင် ၂၀၂၀ ပြည့်နှစ် မေလ အတွက် နယ်စပ်မှတင်ပို့ရန် ပို့ကုန်လိုင်စင် လျှောက်ထားခွင့်ရရှိသည့် ကုမ္ပဏီများသည် နယ်စပ်မှ တင်ပို့ရန်အခက်အခဲရှိပါက ပင်လယ်ရေကြောင်း (ရန်ကုန်) မှ တင်ပို့နိုင်ရေးအတွက် ဝန်ကြီးဌာနများနှင့် အသင်းချုပ်တို့ ညှိနိုင်းစီစဉ်ပေးသွားမည်ဖြစ်ပြီး တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် ပြုပြင်သန့်စင်သိုလှောင်သည့် သိုလှောင်ရုံ၊ ဆန်စက်နှင့် တင်ပို့သည့်ကုမ္ပဏီတို့ကို မြန်မာနိုင်ငံအစိုးရဘက်ကစိစစ်ပြီး တရုတ်နိုင်ငံ GACC ဘက်သို့ပေးပို့မည်ဖြစ်ကာ မရှင်းလင်းပါက မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ဆန်စပါးကုန်စည်ဒိုင် (မူဆယ်)၊ ဆန်စပါး ကုန်သည်အသင်း (မန္တလေး) တို့နှင့် ဆက်သွယ်မေးမြန်းဆောင်ရွက်နိုင်ကြောင်း ယင်းအသင်းချုပ်ထံမှသိရသည်။

နှစ်နိုင်ငံအစိုးရတို့အကြား ချုပ်ဆိုထားသည့် အရည်အသွေးစစ်ဆေးခြင်းနှင့် ပိုးမွှားရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စာချုပ်ပါ စည်းကမ်းချက်များကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမည့် ကုမ္ပဏီများအနေနှင့် တိကျစွာလိုက်နာ ဆောင်ရွက်ရန်နှင့် နှစ်နိုင်ငံသဘောတူညီ ချက်များနှင့်ကိုက်ညီသည့် တင်ပို့ရောင်းချမှုများကိုသာ အခက်အခဲဖြစ်ပါက ကူညီဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ကြေညာချက်အရသိရသည်။

**Source: The Voice** https://news.ydnp.net/345739/

## စက်ရုံ၊ အလုပ်ရုံများ ပြန်လည်ဖွင့်လှစ်ခြင်းအတွက် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ စီးပွားရေးစစ်တမ်းကောက်ယူ

စက်ရုံ၊ အလုပ်ရုံများပြန်လည်ဖွင့်လှစ်ခြင်းအတွက် ကြိုတင်ပြင်ဆင်မှုဆိုင်ရာ စီးပွားရေးစစ်တမ်းများကို ကောက်ယူလျက်ရှိကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှသိရသည်။ ယင်းစစ်တမ်းသည် မြန်မာနိုင်ငံရှိ စက်ရုံ၊ အလုပ်ရုံများ၊ ရုံးဌာန လုပ်ငန်းခွင်များတွင် Covid-19 ကာကွယ်ထိန်းချုပ်ရန် ဆောင်ရွက်ထားရှိမှုကိုစစ်ဆေးခြင်း လုပ်ငန်းစဉ်၏အဆင်ပြေမှု၊ ယင်းကြောင့် စီးပွားရေးပြတ်တောက်မှုနှင့် အခြားသက်ရောက်မှုများကို လေ့လာဆန်းစစ်၍ သက်ဆိုင်ရာ ဌာနများကိုအကြံပြုရန် ရည်ရွယ်ကောက်ယူခြင်းဖြစ်ကြောင်းသိရသည်။

စက်ရုံ၊ အလုပ်ရုံ၊ ဌာနများ၏အတွေ့အကြုံများကို လုပ်ငန်းပိုင်ရှင်၊ မန်နေဂျာများက ဖြေကြားပေးရန်နှင့် မေးခွန်း ၁ တွင် အခက်ခဲဆုံးအချက်သုံးချက်သာရွေးရမည်ဖြစ်ပြီး ၃ ချက်ထက် ပိုရွေးခြင်းကို စစ်တမ်းကလက်မခံကြောင်း၊ ကျန်သည့် မေးခွန်းများသည် အဖြေတစ်ခုသာရွေးချယ်ရမည်ဖြစ်ကြောင်း ယင်းအသင်းချုပ်ထံမှသိရသည်။ စစ်တမ်းတွင် ဖြေဆိုရမည့် မေးခွန်း ၁၈ ချက်ပါဝင်ပြီး ပါဝင်သည့်မေးခွန်းများမှာ စောင့်ဆိုင်းချိန်၊ ကုန်ကျစရိတ်၊ နစ်နာမှု၊ အချိန်အကန့်အသတ်ရှိ လုပ်ငန်း၊ မရှိမဖြစ်အရေးကြီးလုပ်ငန်း၊ အရေးပေါ်ဖြစ်စဉ်၊ အရေးပေါ်ဖြစ်စဉ်ကြောင့် ဆုံးရှုံးမှု၊ လမ်းညွှန်ဇယား၊ ဝန်ထမ်းအိမ်ရာ၊ ဝန်ထမ်းဖယ်ရီ၊ ဝန်ထမ်းကျန်းမာရေး ပညာပေးအစီအစဉ်စသည့်အချက်များပါဝင်သည်။ စစ်တမ်းဖြေဆိုရန်အတွက် https:// ee. kobotoolbox.org/x/#KdzRvKfU တွင် ဝင်ရောက်ဖြေဆိုနိုင်ပြီး စစ်တမ်းဖြေဆိုပြီးပါက အီးမေးလ်ဖြင့် [email protected] သို့မဟုတ် ဖက်စ် ၀၁ ၆၅၄၇၇၁ သို့ ပြန်လည်ပေးပို့နိုင်ကာ အသေးစိတ်အကြံပြုချက်များကိုလည်း အထက်ပါအီးမေးလ်သို့ ပေးပို့အကြံပြုနိုင်ကြောင်း ကုန်သည်စက်မှုအသင်းချုပ်ထံမှသိရသည်။

**Source: The Voice** https://news.ydnp.net/345616/

## ဝန်းသိုမြို့နယ်၌ ကိုဗစ်-၁၉ ကာကွယ်ရေးကာလ တရုတ်ဆီးသီးရောင်းဝယ်သူများ အမြတ်နည်း

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ရထားလမ်းနှင့်ကားလမ်းများကို ပိတ်ထားခြင်းကြောင့် ဒေသခံ တရုတ်ဆီးသီးဝယ်ယူရောင်းချသူများအနေဖြင့် အရောင်းအဝယ်များမကောင်းတော့ဘဲ အဆင်မပြေဖြစ်နေကြကြောင်း ဝန်းသိုမြို့ခံသီးနှံရောင်းဝယ်ရေး ပြုလုပ်နေသူအချို့ထံမှသိရသည်။ "ကျွန်မတို့က နှစ်စဉ်နှစ်တိုင်း တရုတ်ဆီးသီး ရောင်းဝယ်ရေးကိုလုပ်ပါတယ်။ မနှစ်ကဆို အလုံး ၂၀ တစ်တွဲကို ကျပ် ၄၀၀ ရောင်းရတယ်။ ဒီနှစ်တော့ ၃၀၀ ပဲ ရောင်းရတယ်၊ အမြတ်နည်းတယ်၊ ရောင်းရေး ဝယ်ရေးမှာလည်း မနှစ်ကလောက်အဆင်မပြေဘူး။ ကိုဗစ်-၁၉ ရောဂါကြောင့် ရထားတွေ၊ ကားတွေပိတ်ထားတော့ တင်ပို့ရောင်းချဖို့ရာလည်း အဆင်မပြေဘူးပေါ့"ဟု တရုတ်ဆီးသီး အရောင်းအဝယ် လုပ်ကိုင်သူ ဒေါ်ညွန့်တင်က ပြောသည်။

ဝန်းသိုမြို့ပေါ် စော်ဘွားကြီးရပ်ကွက်၊ ဥယျာဉ် တော်ရပ်နှင့် နန္ဒာဝန်ရပ်များတွင် ဘိုးစဉ်ဘောင်ဆက် လူကြီးများက မရန်းသီး၊ တရုတ်ဆီးသီး၊ သရက်သီး၊ ကြက်မောက်သီး၊ နှင်းသီးစသည့်သီးနှံပင်များကို မိမိတို့အိမ်ခြံမြေများအတွင်း စိုက်ပျိုး ထားရှိခဲ့ကြရာ ဒေသခံများမှာ အဆိုပါသီးနှံများကို ရာသီအလိုက်ရောင်းချ၍ အပိုဝင်ငွေများရရှိကြပြီး ယခုအချိန်မှာ တရုတ် ဆီးသီးများ ပေါ်သည့်အချိန်ဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ပြည်ပသို့သစ်ခွဲသားများနှင့် သစ်အချောထည်များတင်ပို့ရာတွင် အခွန်လျှော့ပေါ့ပေးရန် သစ်လုပ်ငန်းရှင်များတောင်းဆို

ပြည်ပသို့ သစ်ခွဲသားများနှင့် သစ်အချောထည်များတင်ပို့ရာတွင် အခွန်လျှော့ပေါ့ပေးရန် မြန်မာနိုင်ငံသစ်တောထွက် ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်းက တောင်းဆိုလိုက်သည်။ သစ်လုပ်ငန်းရှင်များက ပြည်ပသို့ သစ်ခွဲသားများနှင့် သစ်အချောထည်များ တင်ပို့ရာတွင် အထူးကုန် စည်ခွန် ၁၀ ရာခိုင်နှုန်းနှင့် ကုန်သွယ် ခွန် ၂ ရာခိုင်နှုန်း ပေးဆောင်နေရ ကြောင်း မြန်မာနိုင်ငံ သစ်တောထွက် ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များ အသင်း၏ အတွင်းရေးမှူးဖြစ်သူ၊ Royal River Trading ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ ဦးအေးမင်း ကျော်ကပြောသည်။“အခွန်တော့ နည်းနည်းများတာပေါ့။ သူက အထူးကုန်စည်ခွန်ထဲမှာ ပါတယ်။ အထူးကုန်စည်ခွန် ၁၀ ရာခိုင်နှုန်း ဆောင်ရတယ်။ ကျန်တဲ့ဟာတွေက အကုန်အဆင်ပြေပါတယ်။ နောက်ကုန်သွယ်ခွန် ၂ ရာခိုင်နှုန်းကတော့ အခုလောလောဆယ် ကိုဗစ်-၁၉ ကြောင့် ခဏနားထားတယ်။ နားထားတော့ ၂ ရာခိုင်နှုန်းက ဆောင်စရာ မလိုတော့ဘူးပေါ့၊ အထူးကုန်စည်ခွန် ၁၀ ရာခိုင်နှုန်းကို နည်းနည်းပါးပါးထပ်လျှော့ပေးရင်တော့ အဆင်ပြေတာပေါ့” ဟု ၎င်းက ပြောသည်။ လက်ရှိသစ်ခွဲသားများနှင့် သစ်အချောထည်များကို EU၊ USA နှင့် Asia တို့က အဓိကဝယ်ယူကြောင်း၊ ဝယ်ယူရာ တွင်လည်း လိုအပ်သည့်စာရွက်စာတမ်းများ ထုတ်ပေးရန်အတွက် ယခင်က အခက်အခဲရှိသော်လည်း နောက်ပိုင်းတွင် မြန်မာ့ သစ်လုပ်ငန်း (MTE) က ထုတ်ပေးသည့်အပြင် ကြားခံ Third Party များဖြင့် ဆောင်ရွက်လာ သောကြောင့် အဆင်ပြေ လာကြောင်း မြန်မာနိုင်ငံ သစ်တောထွက်ပစ္စည်းနှင့် သစ်လုပ်ငန်းရှင်များအသင်းမှသိရသည်။ “နိုင်ငံခြားကလည်း ကျွန်းသစ်ကို စိတ်ဝင်စားကြတယ်။ EU ကလည်း ဒီကကျွန်းသစ်က ဆားငန်ရေအထိခံတယ်။ ဆားငန်ရေအထိခံတော့ ဒီဘက်ကသစ်ကိုပဲ စိတ်ဝင်စားတယ်။ ဒါကြောင့် ကျွန်တော်တို့ပို့နေတာ။ သူတို့ လိုအပ်တဲ့ စာရွက်စာတမ်းကိုလည်း ကျွန်တော်တို့က ပထမတုန်း ကတော့ စာရွက်စာတမ်းအခက်အခဲရှိတယ်။ နောက်ပိုင်းကျတော့ မြန်မာ့သစ်လုပ်ငန်းက လိုအပ်တဲ့စာရွက်စာတမ်းတွေ ထုတ်ပေးတယ်။ နောက်ပြီးကျတော့ Third Party ဆိုတာ တစ်ခုရှိတယ်။ Third Party ကြားခံထားတယ်။ Third Party က ထောက်ခံချက်ကို ထုတ်ပေးလိုက်တယ်။ ထုတ်ပေးလိုက်တဲ့အတွက်ကြောင့် ကျွန်တော်တို့ အဆင်ပြေသွားတယ်” ဟု ၎င်းက ဆက်လက်ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ဧပြီလဆန်းမှစ၍ သစ်လုံးတင်ပို့မှုကိုရပ်ဆိုင်းထားပြီး အစိုးရက သစ်လုံးများကို ပြည်တွင်း၌ပင် တင်ဒါစနစ်ဖြင့်ရောင်းချကြောင်း၊ တင်ဒါ အောင်မြင်သည့် ကုမ္ပဏီများအနေဖြင့် ပြည်တွင်း၌ ခွဲစိတ်ပြီး ခွဲသားများကို နိုင်ငံခြားသို့ တင်ပို့ကြကြောင်း၊ သို့ဖြစ် ၍ သစ်ခွဲစက်ရုံများ လည်ပတ်နိုင်ပြီး ပြည်တွင်းလုပ်သားများအတွက်လည်း အလုပ်အကိုင် ဖန်တီးပေးနိုင်ကြောင်း Royal River Trading ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာကပြောသည်။ “သစ်လုံးတင်ပို့မှု ရပ်မှ အဆင်ပြေမှာ၊ မဟုတ်ရင် အလုံးက အများကြီးထွက်သွားမှာ၊ ထွက်သွားရင် ဒီမှာ အလုပ်အကိုင်အခွင့်အလမ်းနည်းသွားမှာ။ အခုကျတော့ ကျွန်တော်တို့လည်း အလုပ်လုပ်ရတာ ပိုအဆင်ပြေပါတယ်” ဟု ၎င်းကဆက်လက်ပြောသည်။ မြန်မာနိုင်ငံ အနေဖြင့် ကျွန်းသစ်နှင့်ပျဉ်းကတိုးသစ်များကို နိုင်ငံခြားသို့ အများဆုံးတင်ပို့ပြီး လက်ရှိသစ်ခွဲသားများနှင့် သစ်အချောထည် များကို ပြည်ပအဝယ်ရှိသည့်အပြင် ပြည်တွင်း၌လည်း ပါကေး၊ တံခါး၊ ကျည်းပေါင်စသည့်ဈေးကွက်များလည်း ပြန်လည် အသက်ဝင်လာကြောင်း မြန်မာနိုင်ငံသစ်တောထွက်ပစ္စည်းနှင့်သစ်လုပ်ငန်းရှင်များ အသင်းမှသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/

## ပုသိမ်မြို့၌ စပါးနှင့်ဆန်အရောင်းအဝယ် အနည်းငယ်လျော့နည်း

ဧရာဝတီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ အဓိကဆန်အိုးကြီးတစ်ခုဟု တင်စားခေါ်ဝေါ်ကြပြီး ဆန်စပါးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ကြသူလည်း များပြားကြသည်။ ယခုအခါ ကိုဗစ်-၁၉ ဖြစ်ပွား ချိန်မှစ၍ ယနေ့အချိန်အထိ စပါးနှင့် ဆန်စက်လုပ်ငန်း လုပ်ကိုင်နေသူများက စပါးနှင့်ဆန်ရောင်းဝယ်မှုမှာ သင်္ကြန်မတိုင်မီကာလတွင် ရောင်းဝယ်မှု အားကောင်းကြောင်းနှင့် သင်္ကြန်ပြီးကာလမှစ၍ အရောင်းအဝယ်အားနည်းပြီး ဈေးနှုန်းများလည်း ကျဆင်းကြောင်းသိရသည်။ ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက် ကမ်းနားလမ်းရှိ စိန်သရဖူ ဆန်စက် လုပ်ငန်းရှင် ဦးစံအောင်က သင်္ကြန် မတိုင်မီ စပါးနှင့်ဆန်မှာ အရောင်း အဝယ်ကောင်းကြောင်း၊ သင်္ကြန်ပြီး ကာလတွင် အရောင်းအဝယ်အတော် အေးသလို ဈေးနှုန်းများလည်း ကျဆင်းသွားကြောင်း၊ သင်္ကြန်မတိုင်မီ ကာလမှာ ကိုဗစ်- ၁၉ ကို စိုးရိမ် တကြီးဖြစ်၍ ဝယ်ယူစုဆောင်းမှု ကြောင့်ဟုထင်ကြောင်း ပြောသည်။

ထို့အပြင် ပုသိမ်မြို့ အမှတ်(၁) ရပ်ကွက် ကမ်းနားလမ်းရှိ ဦးချိုဆန်စက်လုပ်ငန်းရှင် ဦးမျိုးဝေက သင်္ကြန်ပြီးကာလ အရောင်းအဝယ်အေးရခြင်းမှာ အစိုးရအဖွဲ့များနှင့်အလှူရှင်များကမြို့နယ်များရှိ အခြေခံလူတန်းစားများအား ဆန် နှင့် စားသောက်ကုန်များလှူဒါန်းမှုသည်လည်း တစ်ခုပါဝင်ကြောင်း၊ မေ ၃၀ ရက်တွင် မြို့နယ်မှ စက်ရုံစစ်ဆေး ရေးအဖွဲ့များ စစ်ဆေးခဲ့ပြီးနောက် စက်ရုံများပြန်လည်ဖွင့်လှစ်ခွင့်ပြုပြီး အလုပ်သမား ၇၀ ခန့်ဖြင့် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်လျက် ရှိကြောင်း ပြောသည်။

ဆန်စက်လုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်၊ မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်းဒေသကြီးများအတွင်းရှိ မြို့နယ်များသို့ ဆန်အများဆုံးတင်ပို့လျက်ရှိပြီး ယခုလက်ရှိ ဆန်တစ်အိတ်လျှင် ပုသိမ်ရောဝတီပေါ်ဆန်းမွှေး ငွေကျပ် ၄၀၀၀၀ ၊ ပုသိမ်ပေါ်ဆန်း ရင် ငွေကျပ် ၃၆၀၀၀ ၊ သီးထပ်ရင် ငွေကျပ် ၂၃၀၀၀ ၊ မနောသုခ ငွေကျပ် ၂၈၀၀၀၊ ရက် ၉၀ ဆန် ငွေကျပ် ၂၄၅၀၀ ဖြစ်ကြောင်း သိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/?hc_ref=ARSlbJV4d3n1vK5CWjMq-xV6daPKJz5Hf-WsxXBTbSvqN2CsxOgVlBez0YsGIltgrTI&fref=nf&__tn__=kC-R

## ငရုတ်သီးခြောက်ဈေးနှုန်းများတည်ငြိမ်နေ



မြန်မာ့ငရုတ်သီးအစိုများမှာ ဈေးကောင်းနေပေမယ့်လည်း ငရုတ်သီးခြောက်ဈေးနှုန်းမှာ တည်ငြိမ်နေကြောင်း မြန်မာ့ငရုတ်သီး ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ သိရပါတယ်။ ငရုတ်အစိုမှာ ပြည်ပမှဝယ်လိုအားကောင်းနေပြီး ဈေးများ ကောင်းနေသော်လည်း ငရုတ်အခြောက်ဈေးနှုန်းမှာ ပြည်တွင်းမှာ တည်ငြိမ်နေလျက်ရှိကြောင်း မြန်မာ့ငရုတ်သီးဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ဥက္ကဋ္ဌဒေါ်ဥမ္မာကျော်က ပြောပါတယ်။ အစိုကတော့ တရုတ်ကဝယ်လိုအားရှိတော့ ဈေးက တော့တက်လာပါတယ်။ အခြောက်ကတော့ ပုံမှန်အတိုင်းပါပဲ။ ဈေးနှုန်းတည်ငြိမ်နေပါတယ်။

ငရုတ်သီးခြောက်တစ်ပိဿာကို ၃၄၀၀ နဲ့ ဈေးနှုန်းတည်ငြိမ်နေတာဖြစ်ပါတယ်။ မြန်မာ့ငရုတ်သီးကို မြန်မာနိုင်ငံ အထက်ပိုင်းဒေသများနဲ့ အောက်ပိုင်းဒေသများမှာ အများဆုံးစိုက်ပျိုးတာဖြစ်ကြောင်း အဆိုပါအသင်းမှသိရပါတယ်။ မြန်မာ့ ငရုတ်သီးကို တရုတ်နိုင်ငံကို အဓိကထားတင်ပို့နေတာဖြစ်ကြောင်းလည်း မြန်မာ့ငရုတ်သီးဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုး တိုးတက်ရေးအသင်းမှ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/dry_chili_price_stable

## အိမ်ခြံမြေ အရောင်းအဝယ်သာမက အငှားပါဈေးကွက်ပျက်နေ

COVID-19 ကာလ အတွင်း အိမ်ခြံမြေဈေးကွက် ပျောက်ဆုံးနေသည်ဟု မြန်မာ နိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအ သင်း ဥက္ကဋ္ဌ ဦးခင်မောင်သန်းကပြောသည်။ လက်ရှိ အိမ်ခြံမြေဈေးကွက် တွင် အိမ်၊ ခြံ အရောင်းအဝယ် အနည်းငယ်သာရှိသော်လည်း တိုက်ခန်း၊ ကွန်ဒို အရောင်းမရှိသလောက် နည်းပါးသွားသည်ဟု ၎င်းကဆိုသည်။ "အိမ်ခြံမြေဈေးကွက်ကို ကြည့်မယ်ဆိုရင်တော့ ရာခိုင်နှုန်း နည်းနည်းလေးပဲရှိတယ်။ လုံးချင်းကို ကြိုက်ရောင်းကြိုက်ဝယ်ရှိတယ်။ ဈေးသက်သာတာ၊ နေ ရာကောင်းတာ လောက်လေးတွေ အရောင်းအဝယ်ဖြစ်တယ်။ တိုက်ခန်း၊ ကွန်ဒို အရောင်းအဝယ်မဖြစ် ဘူး။ ဒါကြောင့် ဈေးကွက်ပြော မယ်ဆိုရင် ဈေးကွက်ပျောက်နေ တယ်" ဟု ဦးခင်မောင်သန်းကပြောသည်။

၂၀၁၉ စက်တင်ဘာတွင် အစိုးရက ဝင်ငွေခွန်လျှော့ပေး ခြင်းကြောင့် အိမ်ခြံမြေဈေးကွက် ပြန်တက်လာသော်လည်း COVID-19 ကြောင့် ဈေးကွက် ပြန်လည်ရပ်ဆိုင်းနေသည်ဟု ၎င်းကဆိုသည်။ လက်ရှိတွင် အိမ်ခြံမြေအရောင်းအဝယ်သာမက အငှား ဈေးကွက်ပါ ပျောက်ဆုံးနေသည်ဟု စိုင်းခွန်နောင် အိမ်ခြံမြေကုမ္ပဏီထူထောင်သူ ဦးစိုင်းခွန်နောင်ကပြောသည်။ "အခု ဈေးကွက်က အနည်းငယ်ပြန်စနေပြီ။ ဒါပေမဲ့ အလုပ်မဖြစ်သေးဘူး။ ဒီရောဂါကြီး မြန်မြန်ပြီးမှဖြစ်မယ်" ဟု ၎င်းကဆိုသည်။ ဧပြီအတွင်း အိမ်ခြံမြေ အရောင်းအဝယ်နှင့် အငှားပါ လုံးဝရပ်ဆိုင်းခဲ့သည်ဟု အိမ်ခြံမြေ လုပ်ငန်းရှင်များကဆိုသည်။ COVID-19 ကြောင့် အိမ်ခြံမြေအရောင်းအဝယ် ပြန်လည်ကောင်းမွန်လာရေးသည် စီးပွားရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်ရန် လိုအပ်သည်ဟု အိမ်ခြံမြေလုပ်ငန်းရှင်များကဆိုသည်။

**Source:** https://7day.news/detail?id=185734

## WTI ရေနံဈေး တစ်စည် ၂၄ ဒေါ်လာဝန်းကျင်ရှိပြီး ပြည်တွင်းဈေးကွက်တွင် 92 Ron နှင့် 95 Ron ဈေးနှုန်းများ တစ်ပတ်အတွင်း တစ်လီတာ ကျပ် ၂၀ ပြန်လည်မြင့်တက်

WTI ရေနံဈေးသည် မေ ၈ ရက်တွင် တစ်စည် ၂၄ ဒေါ်လာဝန်းကျင်ရှိပြီး ပြည်တွင်းဈေးကွက်တွင် 92 Ron နှင့် 95 Ron ဈေးနှုန်းများ တစ်ပတ်အတွင်း တစ်လီတာ ကျပ် ၂၀ ပြန်လည်မြင့်တက်ခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရသိရသည်။ ၂၀၂၀ ပြည့်နှစ် မေ ၂ ရက်နှင့် မေ ၈ ရက် စက်သုံးဆီဈေးနှုန်းများကို နှိုင်းယှဉ်ပါက 92 Ron တစ်လီတာ ကျပ် ၂၀၊ 95 Ron တစ်လီတာ ကျပ် ၂၀ ပြန်လည်မြင့်တက်ခဲ့ပြီး ဒီဇယ်ဆီ၊ ပရီမီယံဒီဇယ်ဆီများ ဈေးနှုန်းအတက်အကျမရှိခဲ့ကြောင်းသိရသည်။ WTI ရေနံဈေးသည် ဧပြီတတိယပတ်တွင် သုည ဒေါ်လာနှုန်းအောက် ကျဆင်းခဲ့ပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ငါးလနီးပါး (ဇန်နဝါရီ ၈ ရက်မှ မေ ၁ ရက်အထိ) အတွင်း တစ်လီတာ ကျပ် ၅၅၀ မှ ၆၀၅ ကျပ်အထိ ဆက်လက်ကျဆင်းခဲ့ကြောင်း စက်သုံးဆီအရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချ နေသော ဈေးနှုန်းများအရသိရသည်။

WTI ရေနံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ၇၆ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ထို့နောက် ရေနံ ဈေးနှုန်းများ ပြန်လည်ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် ၄၂ ဒေါ်လာဝန်းကျင်အထိ ရောက်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဧပြီ ၂၃ ရက် တွင် ၆၆ ဒေါ်လာအထိ ပြန်တက်ခဲ့သည်။ ထို့နောက် ဇွန် ၁၂ ရက်တွင် ၅၁ ဒေါ်လာအထိကျဆင်းခဲ့ပြီး ဇူလိုင် ၁၀ ရက်တွင် ဒေါ်လာ ၆၀ အထက် ပြန်ရောက်ကာ ဩဂုတ် ၇ ရက်တွင် ၅၁ ဒေါ်လာအထိ ပြန်ကျခဲ့သည်။ စက်တင်ဘာ ၃ ရက်တွင် ၅၃ ဒေါ်လာဝန်းကျင်အထိ ကျဆင်းခဲ့ပြီး စက်တင်ဘာ ၁၆ ရက်တွင် ၆၂ ဒေါ်လာဝန်းကျင်အထိ မြင့်တက်ကာ နိုဝင်ဘာ ၁၉ ရက်တွင် ၅၅ ဒေါ်လာ၊ နိုဝင်ဘာ ၂၉ ရက်တွင် ၅၈ ဒေါ်လာ၊ ဒီဇင်ဘာ ၄ ရက်တွင် ၅၆ ဒေါ်လာ၊ ဇန်နဝါရီ ၈ ရက်တွင် ၆၃ ဒေါ်လာ၊ ဇန်နဝါရီ ၁၅ ရက်တွင် ၅၇ ဒေါ်လာ၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ၅၃ ဒေါ်လာ၊ မတ် ၇ ရက်တွင် ၄၁ ဒေါ်လာ၊ မတ် ၁၈ ရက်တွင် ဒေါ်လာ ၂၀ ဝန်းကျင်၊ ဧပြီ ၂၀ ရက်တွင် သုညဒေါ်လာအောက်အထိ ကျဆင်းခဲ့သည်။

မေ ၈ ရက်တွင် ရန်ကုန်မြို့ရှိ စက်သုံးဆီဆိုင်အချို့တွင် ရောင်းချခဲ့သော ဈေးနှုန်းမှာ ဒီဇယ်တစ်လီတာ ၄၃၅ ကျပ် (တစ်ဂါလန် ၁၉၇၇ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ၄၄၅ ကျပ် (တစ်ဂါလန် ၂၀၂၂ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၃၂၀ (တစ်ဂါလန် ၁၄၅၄ ကျပ်)၊ အောက်တိန်း 95 Ron တစ်လီတာ ၄၅၅ ကျပ် (တစ်ဂါလန် ၂၀၆၈ ကျပ်) ဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၈ ရက်နှင့် မေ ၁ ရက်တွင် ဖြစ်ပေါ်ခဲ့သော တစ်လီတာဈေးနှုန်းများ နှိုင်းယှဉ်ပါက ဒီဇယ် ကျပ် ၅၅၀ (၅၅ ဒသမ

၈၃ ရာခိုင်နှုန်း)၊ ပရီမီယံဒီဇယ် ကျပ် ၅၅၀ (၅၅ ဒသမ ၂၇ ရာခိုင်နှုန်း)၊ အောက်တိန်း 92 Ron ၆၀၅ ကျပ် (၆၆ ဒသမ ၈၅ ရာခိုင်နှုန်း)၊ အောက်တိန်း 95 Ron ကျပ် ၅၆၀ (၅၆ ဒသမ ၂၈ ရာခိုင်နှုန်း) အထိကျဆင်းခဲ့သည်။ ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင်မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်မှအောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်းကျော်မြင့်တက်ခဲ့ပြီး တစ်လီတာစံချိန်တင်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက် တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိဖြစ်ပေါ်ခဲ့သည်။

**Source:** https://news-eleven.com/article/172956

## ကွမ်းရွက်ဈေးနှုန်းများ အတက်ဘက်သို့ ဦးတည်မှုမရှိသေး

ရန်ကုန်၊ သီရိမင်္ဂလာဈေး ဈေးကွက်သို့တင်ပို့ရောင်းချနေသည့် ကွမ်းရွက်ဈေးနှုန်းများ အတက်ဘက်သို့ဦးတည်မှုမရှိသေးကြောင်း တောင်သူများထံမှသိရသည်။ ကွမ်းဈေးကတော့ လုံးဝကိုမတက်သေးပါဘူး။ ကွမ်းခြံသစ်ပင်ပျိုအချောမှ တစ်ပိဿာကို ၃၅၀၀ ကျပ်လောက်ပဲဈေးရှိတယ်။ ကွမ်းခြံဟောင်း ငြမ်းတိုက်ကွမ်းဆို တစ်ပိဿာကို ၂၅၀၀/၂၀၀၀ ကျပ်လောက်ပဲ ရနေပါသေးတယ်ဟု ဧရာဝတီတိုင်း၊ ညောင်တုန်းမြို့နယ်၊ စက္ကော့ကျေးရွာမှ ကွမ်းစိုက်တောင်သူ ကိုမင်းလွင်ကပြောသည်။ ပြည်တွင်း၌ ကွမ်းစားသုံးမှု လျော့နည်းလာခြင်းမရှိသော်လည်း လမ်းပန်းဆက်သွယ်မှုအားနည်းနေခြင်းကြောင့် ကွမ်းဈေးမတက်ခြင်းဖြစ်ကြောင်း တောင်သူများကပြောသည်။

လိုင်းကားတွေဖွင့်လို့ ဆိုင်တွေပြန်ဖွင့်ရင်တော့ တက်နိုင်မယ်ထင်တယ်။ စားသုံးမှုကတော့ မနည်းသွားပါဘူး။ ကန့်သတ်နယ်မြေတွေနဲ့ အသွားအလာသိပ်မရှိလို့ ဈေးသိပ်မတက်တာလို့ထင်တယ်။ ကျွန်တော်တို့ ညောင်တုန်းက ကွမ်းတွေကို အဓိကက ရန်ကုန်၊ သီရိမင်္ဂလာဈေး ဈေးကွက်ကိုတင်ပို့နေတာပေါ့။ ဒေသတွင်းဈေးကွက်မရှိဘူး။ ကွမ်းယာဆိုင်တွေလောက်ပဲ အနည်းအကျဉ်းရှိတာ။ ကွမ်းဝယ်သူထက် ကွမ်းစိုက်တဲ့ခြံတွေက ပိုများတယ်လေ။ ရန်ကုန်ဈေးကွက်ကို အားကိုးပြီး စိုက်နေရတာပါဟု ကိုမင်းလွင်က ဆက်လက်ပြောသည်။

**Source:** https://greenwaymyanmar.com/posts/betel_price_is_no_upward

## အစိုးရ ဝင်မညှိပေးသော်လည်း ဒေသတွင်းအင်အားစုများကြိုးပမ်းမှုဖြင့် တရုတ်သို့ ပြောင်းဖူးပြန်လည်တင်ပို့ခွင့်ရ

တရုတ်မြန်မာ နယ်စပ်ပိတ်မှုကြောင့် တန်ချိန်ထောင်ချီသည့် ရှမ်းမြောက်ဒေသခံတွေရဲ့ပြောင်းဖူးများ အဟောသိကံဖြစ်မည့်အရေး ရင်ဆိုင်နေရချိန်တွင် ပြောင်းဖူးတင်ပို့ခွင့်ရရေးအတွက် တရုတ်တယ်ဟုန်ဒေသမှ ကျေးရွာမြို့အဆင့် အာဏာပိုင်များ တရုတ်ပြောင်းကုန်သည်အချို့နှင့် မူစယ်နမ့်ခမ်းဒေသမှာ SNLD ကျားခေါင်းပါတီတာဝန်ရှိသူများ မြို့မိမြို့ဖများသည် မေလ ၈ ရက်နေ့က ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးမှုရလဒ်များအရ မြန်မာဘက်မှ ပြောင်းဖူးထော်လဂျီများမှာ တရုတ်နယ်စပ်မျဉ်းနားအထိ လာရပ်ခွင့်ရှိမည်ဖြစ်ပြီး တရုတ်ဘက်မှ ကုန်သည်စေလွှတ်သည့်ယာဉ်မောင်းက လာသယ်မည်ဖြစ်ကာ လူမပါပဲ ဆက်လက်ရောင်းချတင်ပို့ခွင့်ကို တရုတ်ဘက်ကခွင့်ပြုလိုက်ကြောင်း SNLD ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်တာဝန်ရှိသူက မေလ ၉ ရက်နေ့ မနက်ပိုင်းကပြောသည်။

မြန်မာနိုင်ငံတွင် Covid-19 ဖြစ်ပွားချိန်မှစပြီး တရုတ်ဘက်မှ နယ်စပ်အဝင်အထွက် စတင်တင်းကျပ်မှုများပြုလုပ်ခဲ့ကာ ဧပြီ တတိယပတ်မှစတင်ကာ နယ်စပ်မျဉ်းတလျှောက် လုံခြုံရေးပိုမိုတင်းကျပ်ခဲ့ပြီး မြန်မာဘက်မှလာရောင်းသည့် ပြောင်းဖူးထော်လဂျီများအား ဖမ်းဆီးခဲ့ပါသည်။ တောင်သူများမှာ ပေးလို့မကုန် တိရစ္ဆာန်ကျွေးလို့ တခြားဒေသသို့ Covid19 ကာလအတွင်းသွားရန်လည်း မလွယ်သည့်အလျောက် ရွှေလီမြစ်အတွင်းသို့ပြောင်းဖူးများ သွန်ချသည့်ဖြစ်စဉ်များရှိခဲ့သည်။ အဆိုပါပြောင်းဖူးများမှာ ဟင်းချက်ရာတွင်အသုံးပြုသည့် ရေခဲရိုက်ထားရသော ပြောင်းဖူးများဖြစ်ပြီး မြန်မာပြည်တွင်ပုံမှန်စိုက်ပျိုးသည့် ပြောင်းမျိုးစိပ်များနှင့်မတူပဲ တာရှည်အထားမခံသည့် ပြောင်းအမျိုးအစားများဖြစ်သည်။ ပြောင်းဖူးပြန်တင်ပို့ခွင့်ရနေသော်လည်း ဈေးအဆမတန်လျှော့ချ ဝယ်ယူမှုများ ၊ ထော်လဂျီစင်းရေ အကုန်မယူမှုများလည်း ရှိနေပါသည်။ မေလ ၉ ရက်နေ့ မနက်ပိုင်းက နမ့်ခမ်းမြို့နယ်မှတဆင့် ထော်လဂျီ အစီးရေ ၄၀ ခန့် နယ်စပ်မျဉ်းနားတွင် သွားရပ်ခဲ့သော်လည်း အစင်းရေ ၇ စီးခန့်သာ တရုတ်ဘက်မှလာသယ်ခဲ့ပြီး ပုံမှန်ထော်လဂျီတစင်းလျှင် တတန်ခွဲခန့်ရှိသည့် ပြောင်းဖူးဈေးနှုန်းမှာ ယွမ်

၆၀၀၀ ခန့် ပေါက်ဈေးရှိသော်လည်း ယွမ် ၇၀၀၊ ၈၀၀ နှုန်းဖြင့် ကြားပွဲစားမှ လာဖြတ်ယူသည့် ကိစ္စရပ်များလည်း ဖြစ်နေသည်ဟု နမ့်ခမ်းမြို့မိမြို့ဖ တဦးဖြစ်သူ ဦးစိုင်းအောင်ဝင်းကပြောသည်။ 'အဓိကက ပြောင်းဖူးတွေက တိုက်ရိုက် ဒိုင်ဆီရောက်ရင် ပေါက်ဈေးမြင့်ပေမယ့် ပြောင်းဖူက နှစ်နိုင်ငံသဘောတူထားတဲ့ တရားဝင်ကုန်မဟုတ်တော့ တချို့ကုန်သည်ကလည်း တိုက်ရိုက် မယူရဲတော့ ကြားကနေတဆင့်တွေဖြစ်လာတော့ ဈေးအဆမတန်နှိမ်တာတွေ ( သို့မဟုတ် ) ဒီဘက်က ရောင်းလိုအားကများ နေတော့ ဈေးနှိမ်ဝယ်တာတွေဖြစ်နေတယ်။ မကောင်းဘူးပေါ့။ ကျွန်တော်တို့ သွားညှိကြတာကလည်း သာမန်ပါတီတွေ လူမှုအဖွဲ့အစည်းတွေဖြစ်နေတယ်။ ရှမ်းပြည်အစိုးရလို ဒေသအစိုးရတွေက တယ်ဟုန်အာဏာပိုင်တွေ ၊ ယူနန်အစိုးရလို အာဏာပိုင်တွေနဲ့ တိုက်ရိုက်ညှိနှိုင်းပေးရင် ပိုအဆင်ပြေမယ်' ဟု မှတ်ချက်ပြုသည်။

ယင်းသို့ ညှိနှိုင်းမှု အဆင်ပြေသည်ဆိုသော်လည်း ပြောင်းဖူးတင်ထော်လာဂျီတချို့မှာ မေလ ၈ ရက်နေ့ ညနေပိုင်းနှင့် ၉ ရက်နေ့ မနက်ပိုင်းအထိ ရွှေလီမြစ်အတွင်း ပြောင်းဖူးများလာသွန်ချမှုရှိနေကြောင်းလည်း နမ့်ခမ်းဒေသခံအချို့က အတည်ပြု ပြောဆိုသည်။

**Source:** https://www.facebook.com/a9biz/

## ၂၀၂၀ ပြည့်နှစ်တွင် စီးပွားရေးကျဆင်းမှုနှင့် စီးပွားရေးမသေချာမရေရာမှုကို အီးယူရင်ဆိုင်ရမည်

ကိုရိုနာဗိုင်းရပ်စ်ရောဂါအကျပ်အတည်းကြောင့် အလွန်ပြင်းထန်သည့် လူမှုစီးပွားဘဝအကျိုးဆက်များနှင့်အတူ ကမ္ဘာတစ်ဝန်းနှင့် အီးယူ၏စီးပွားရေးများ၌ ရိုက်ခတ်မှုများရှိခဲ့ကြောင်း၊ ယခုနှစ်အတွက် အီးယူအနေဖြင့် သမိုင်းဝင် စီးပွားရေးကျဆင်းမှုကို ကြုံတွေ့ရမည်ဟု ဥရောပ ကော်မရှင်ကခန့်မှန်းခဲ့ကြောင်း၊ နွေဦးရာသီစီးပွားရေးခန့်မှန်းချက်တစ်ရပ်ကို ဥရောပကော်မရှင်က ၆-၅-၂၀၂၀ နေ့တွင်ထုတ်ပြန်ခဲ့ရာ အီးယူ၏ စီးပွားရေးမှာ ၂၀၂၀ ပြည့်နှစ်တွင် (၇.၅) ရာခိုင်နှုန်း ကျဆင်းနိုင်ပြီး၊ ၂၀၂၁ ခုနှစ်တွင် (၆) ရာခိုင်နှုန်းဝန်းကျင်ဖြင့် ပြန်လည်တိုးတက်နိုင်မည်ဟု ခန့်မှန်းထားကြောင်း၊ ပြီးခဲ့သည့် ဆောင်းဦးရာသီစီးပွားရေးခန့်မှန်းချက်နှင့်နှိုင်းယှဉ်ပါက အီးယူနှင့် Euro Area အတွက် စီးပွားရေးတိုးတက်မှု ခန့်မှန်းချက်များ၌ (၉) ရာခိုင်နှုန်းဝန်းကျင်ခန့်လျှော့ချ၍ ခန့်မှန်းခဲ့ခြင်းဖြစ်ကြောင်းသိရှိရပါသည်။

အီးယူ၏စီးပွားရေးအပေါ် ကပ်ရောဂါ၏ရိုက်ခတ်မှုမှာ အတူတူပင်ဖြစ်သော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ထုတ်လုပ်မှု ကျဆင်းမှုနှင့် ၂၀၂၁ ခုနှစ်တွင် စီးပွားရေးပြန်လည်နိုးထနိုင်မည့် အင်အားတို့တွင်မူ အီးယူအဖွဲ့ဝင်နိုင်ငံများအကြား သိသိသာသာ ကွဲပြားမှုရှိမည်ဖြစ်ကြောင်း၊ အီးယူအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးပြန်လည်ကောင်းမွန်လာရေးမှာ သက်ဆိုင်ရာနိုင်ငံအလိုက် ကပ်ရောဂါ ဖြစ်ပွားမှုအခြေအနေအပေါ်တွင်သာမက ၎င်းနိုင်ငံများ၏ စီးပွားရေးတည်ဆောက်ပုံနှင့် တည်ငြိမ် သောမူဝါဒများဖြင့် တုန့်ပြန်နိုင်စွမ်းတို့အပေါ်တွင်လည်း မူတည်မည်ဖြစ်ကြောင်း၊ အီးယူအဖွဲ့ဝင် နိုင်ငံများ၏ စီးပွားရေးအရအပြန်အလှန် အမှီသဟဲ ပြုမှုအခြေအနေကြောင့် အဖွဲ့ဝင်တစ်နိုင်ငံချင်းစီ၏ စီးပွားရေးပြန်လည်နိုးထမှုအရှေ့သည် အခြားအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး နိုးထနိုင်မှုအင်အားအပေါ် သက်ရောက်မှုရှိလိမ့်မည်ဖြစ်ကြောင်း သိရှိရပါသည်။

ဥရောပအနေဖြင့် Great Depression နောက်ပိုင်းမကြုံစဖူးထူးကဲသော စီးပွားရေးရိုက်ခတ်မှုကို ကြုံတွေ့နေရကြောင်း၊ ဗိုင်းရပ်စ်ကြောင့် ကန့်သတ်ပိတ်သိမ်းမှုများ မြန်ဆန်စွာဖြေလျှော့နိုင်မှု၊ အဖွဲ့ဝင်နိုင်ငံအသီးသီးရှိ စီးပွားရေး၌ ခရီးသွား လုပ်ငန်းကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍများ၏ အရေးပါမှုနှင့် ဘဏ္ဍာရေးအရင်းအမြစ်များအပေါ် မူတည်၍ စီးပွားရေး ကျဆင်းမှုအတိုင်းအတာနှင့် ပြန်လည်နိုးထနိုင်မှုအင်အားနှစ်ရပ်စလုံးတွင် အချိုးညီမည်မဟုတ်ကြောင်း၊ ထိုသို့ မတူကွဲပြားသည့် အခြေအနေသည် အီးယူတစ်ခုတည်းသောဈေးကွက်နှင့် Euro Area တို့အပေါ် ခြိမ်းခြောက်မှု တစ်ရပ်ဖြစ်ကြောင်း၊ သို့ရာတွင် ဥရောပနိုင်ငံများ၏ ပူးပေါင်းလုပ်ဆောင်မှုများဖြင့် ယင်းစိန်ခေါ်မှုကို လျှော့ပါးသက်သာအောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း အီးယူ၏ စီးပွားရေးကော်မရှင်နာဖြစ်သူ Paolo Gentiloni က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။ ယခုနှစ်အတွက် အီးယူ၏ စီးပွားရေးဆုံးရှုံးမှုများအား ၂၀၂၁ ခုနှစ်အကုန်အထိ အပြည့်အဝပြန်လည်ကုစားနိုင်ဖွယ်မရှိကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ကျဆင်းမည်ဖြစ်ပြီး၊ လုပ်သားဈေးကွက်မှာလည်း အပြည့်အဝပြန်လည် ကောင်းမွန်လာမည်မဟုတ်ကြောင်း ခန့်မှန်း ထားပါသည်။

အချိန်တိုအလုပ်အကိုင်အစီအစဉ်များ၊ လုပ်ခလစာထောက်ပံ့မှုများနှင့် စီးပွားရေးလုပ်ငန်း အထောက်အပံ့ပေးမှုများသည် အလုပ်အကိုင်ဆုံးရှုံးမှုများကို အကူအညီပေးနိုင်မည်ဖြစ်သော်လည်း ကပ်ရောဂါသည် လုပ်သားဈေးကွက်အပေါ် ပြင်းထန်သည့် သက်ရောက်မှုရှိမည်ဖြစ်ကြောင်း၊ အီးယူ၏အလုပ်လက်မဲ့နှုန်းမှာ ၂၀၁၉ ခုနှစ်တွင် (၆.၇) ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ်တွင် (၉) ရာခိုင်နှုန်း သို့တက်လာနိုင်ပြီး၊ ၂၀၂၁ ခုနှစ်တွင် (၈) ရာခိုင်နှုန်းဝန်းကျင်သို့ ပြန်လည်ကျဆင်းနိုင်ကြောင်း၊ အီးယူအဖွဲ့ဝင်နိုင်ငံအချို့အနေဖြင့် အလုပ်လက်မဲ့နှုန်းသိသိသာသာ တက်လာနိုင်ပြီး၊ (၂၀) ရာခိုင်နှုန်းအထိရောက်ရှိနိုင်ကြောင်း၊ ကာလတိုစာချုပ်ဖြင့်လုပ်ကိုင်သည့်လုပ်သားဦးရေပါဝင်မှုအချိုး များပြားသည့်နိုင်ငံများနှင့် ခရီးသွားလုပ်ငန်းကဏ္ဍအပေါ် မှီခိုသည့် လုပ်သားဦးရေများပြားသည့်နိုင်ငံများမှာ အထူးသဖြင့်ထိခိုက်လွယ်သည့်အနေအထားရှိကြောင်း၊ ရေနံဈေးနှုန်းကျဆင်းမှုနှင့်ဝယ်လိုအားကျဆင်းမှုတို့ကြောင့် စားသုံးသူဈေးနှုန်းမှာလည်း ယခုနှစ်အတွက် သိသိသာသာကျဆင်းမည်ဟု ခန့်မှန်းထားကြောင်း၊ အီးယူ၏ငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ်တွင် (၀.၆) ရာခိုင်နှုန်းနှင့် ၂၀၂၁ ခုနှစ် တွင် (၁.၃) ရာခိုင်နှုန်းရှိမည်ဖြစ်ကြောင်း ဥရောပကော်မရှင်၏ စီးပွားရေးခန့်မှန်းချက်အရ သိရှိရပါသည်။

ကိုရိုနာဗိုင်းရပ်စ်ရောဂါဖြစ်ပွားနေမှုဆိုင်ရာ ယူဆချက်များကို အခြေခံထားခြင်းဖြစ်သဖြင့် ယခုစီးပွားရေးခန့်မှန်းချက်၏ မသေချာမရေရာမှုအခြေအနေ ပုံမှန်ထက်မြင့်မားမှုကို ဥရောပကော်မရှင်ကသတိပေးထားကြောင်း၊ယင်းစီးပွားရေးခန့်မှန်းချက်မှာ အသွားအလာကန့်သတ် ပိတ်သိမ်းမှုများအား မေလမှစတင်၍ ဖြည်းဖြည်းချင်းဖြေလျှော့သွားနိုင်မည်ဟူသော ယူဆချက်ကို အခြေခံထားခြင်းဖြစ်ပြီး၊ ကန့်သတ်မှုများပြန်လည်ဆောင်ရွက်ခဲ့ရပါက စီးပွားရေးမှာ စီမံထားသည့်အတိုင်း ပြန်လည်ကောင်းမွန်လာနိုင်မည်မဟုတ်ကြောင်း၊ အီးယူအဆင့် အားကောင်းသော ချိန်သားကိုက်ဘုံ ပြန်လည်ထူထောင်ရေး မဟာဗျူဟာတစ်ရပ်မရှိခြင်းသည် အကျပ်အတည်းအား တစ်ခုတည်းသော ဈေးကွက်အတွင်း ပြင်းထန်စွာအချိုးဖျက်မှုဆီသို့ ဦးတည်စေနိုင်ခြင်းနှင့် အဖွဲ့ဝင်နိုင်ငံများ အကြား စီးပွားရေး၊ ဘဏ္ဍာရေးနှင့်လူမှုရေးဆိုင်ရာ မတူကွဲပြားမှုများဖြစ်ပေါ်စေနိုင်သည့် အခြေအနေရှိနေကြောင်း၊ နောက်ထပ်ပြဿနာတစ်ရပ်မှာ လက်ရှိအချိန်ထိ နိုင်ငံတကာစီးပွားရေးကို မောင်းနှင်နေသည့် ကမ္ဘာအနှံ့လွှမ်းခြုံမှုဖြစ်စဉ် (Globalization)အပေါ် ဗိုင်းရပ်စ်အကျပ်အတည်း၏ သက်ရောက်မှုဖြစ်ကြောင်း၊ ယခုစီးပွားရေးခန့်မှန်းချက်အရ ကပ်ရောဂါကြောင့် Global Value Chains နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတို့အပေါ်အမြင်များ ပြောင်းလဲလာနိုင်ခြေရှိနေပြီး၊ ယင်းမှာ ကမ္ဘာ့စီးပွားရေးများနှင့် အပြန်အလှန်ချိတ်ဆက်ထားပြီး တံခါးဖွင့်ထားသော အီးယူ၏ စီးပွားရေးအပေါ် သက်ရောက်မှုရှိနိုင်ကြောင်းသိရှိရပါသည်။

**Source:** ဘရပ်ဆဲလ်တိုင်းမ်

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## အိန္ဒိယ၏ ၂၀၂၀ ပြည့်နှစ် ဧပြီလ ဝယ်ယူရေးစီမံခန့်ခွဲသူများ အညွှန်းကိန်း ကျဆင်းခဲ့ခြင်း

အိန္ဒိယနိုင်ငံ၌ COVID-19 ဗိုင်းရပ်စ်ကူးစက်မှု တားဆီးထိန်းချုပ်နိုင်ရန်အတွက် တစ်နိုင်ငံလုံး၏ ဆက်သွယ်သွားလာမှုများအား ၂၅.၃.၂၀၂၀ နေ့မှစ၍ ကန့်သတ်တားမြစ်ခဲ့ပြီးနောက် ၂၀၂၀ ပြည့်နှစ် ဧပြီလရှိ ဝယ်ယူရေး စီမံခန့်ခွဲသူများ အညွှန်းကိန်း Purchasing Managers' Index (PMI) သည် ၁၅ နှစ်တာကာလအတွင်း အနိမ့်ဆုံး အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။

အိန္ဒိယနိုင်ငံ၏ ရာသီအလိုက် ကိုက်ညှိပြုစုသည့် PMI အညွှန်းကိန်းသည် ၂၀၂၀ ပြည့်နှစ် မတ်လ၌ ၅၁.၈ ရှိရာမှ ဧပြီလတွင် ၂၇.၄ သို့ ကျဆင်းရောက်ရှိခဲ့ကြောင်း၊ ၎င်းတို့၏ မှတ်တမ်းများပြုစုသည့် ၁၅ နှစ်ကျော် ကာလအတွင်း ယခု အိန္ဒိယ၏ ဝယ်ယူရေးစီမံခန့်ခွဲသူများ အညွှန်းကိန်းမှာ အနိမ့်ဆုံးဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ဧပြီလရှိ ကိန်းဂဏန်းအချက်အလက်များက အိန္ဒိယ၏ ကုန်ထုတ်လုပ်မှုမှာ မကြုံစဖူးထူးကဲစွာ ကျဉ်းမြောင်းမှုရှိလာသည်ကို ညွှန်ပြလျက်ရှိကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအား ထိန်းချုပ်နိုင်ရေး lockdown ချမှတ်ဆောင်ရွက်ခြင်းက ကုန်ထုတ်လုပ်မှုလုပ်ငန်းများအား ကျယ်ပြန့်စွာ ရပ်ဆိုင်းမှုဖြစ်ပေါ်စေပြီး ယခုရလာဒ်ထွက်ပေါ်ခြင်းဖြစ်ကြောင်း၊ အိန္ဒိယကုန်ထုတ်လုပ်ငန်းများ၏ အမှာစာအသစ်များလက်ခံရရှိမှုမှာ ၂ နှစ်နှင့် ၆ လ ကာလအတွင်း ပထမဆုံးအကြိမ်ကျဆင်းခဲ့ခြင်းဖြစ်ပြီး စစ်တမ်းကောက်ယူသည့် သမိုင်းကာလတစ်လျှောက်တွင် အကျဉ်းမြောင်းဆုံးနှုန်းထားပင်ဖြစ်ကြောင်းစသည်ဖြင့် ပုဂ္ဂလိကစီးပွားရေးရာလေ့လာဆန်းစစ်ရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် IHS Markit မှ ဖော်ပြပါသည်။

PMI အညွှန်းကိန်း ၅၀ အထက်ဖြစ်ပါက ကုန်ထုတ်လုပ်မှုမှာ ဆက်လက်တိုးချဲ့နေမည်ဖြစ် ပြီး ၅၀ အောက်၌ တည်ရှိမှုမှာ ကုန်ထုတ်လုပ်မှုများ ကျဉ်းမြောင်းကျုံ့ဝင်မည့် အခြေအနေဖြစ် ပါသည်။ IHS Markit ၏ ကိန်းဂဏန်းများအရ အိန္ဒိယထုတ်ကုန်ပစ္စည်းများ၏ ဝယ်လိုအားမှာ ပုံပျက်ယွင်းမှု လွန်ကဲစွာဖြစ်ပေါ်လျက်ရှိကြောင်းသုံးသပ်ရရှိပြီး အထူးသဖြင့် မော်တော်ယာဉ် ထုတ်လုပ်မှု လုပ်ငန်းကဏ္ဍ၌ ၂၀၂၀ ပြည့်နှစ် ဧပြီလအတွင်း ပြည်တွင်းရောင်းချရမှုတန်ဖိုး သုည ဖြစ်သည်အထိ ကျဆင်းခဲ့ပါသည်။

အိန္ဒိယအစိုးရက တစ်နိုင်ငံလုံး အသွားအလာကန့်သတ်တားမြစ်မှုအား မေလ ၁၇ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ထားရှိပြီး စီးပွားရေးလုပ်ငန်းများအား အကန့်အသတ်ဖြင့် ပြန်လည်လုပ်ကိုင်ခွင့်ပြုထားသော်လည်း လုပ်ငန်းများပုံမှန်လည်ပတ်လုပ်ဆောင်နိုင်မည်ဟုပြောကြားရန်မှာ အချိန်ယူစောင့်ကြည့်ရန် လိုအပ်လျက်ရှိနေဆဲဖြစ်ကြောင်း ကျွမ်းကျင်သူများက သုံးသပ်လျက်ရှိပါသည်။

Source: India April manufacturing PMI at all–time low of 27.4, 5 May 2020, Economic Times

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

## ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဒေဝါလီခံလိုက်ရသည့် ကုမ္ပဏီအရေအတွက် ၁၀၀ ထက်ကျော်လွန်

ဂျပန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဒေဝါလီခံလိုက်ရသည့် ကုမ္ပဏီအရေအတွက် ၁၀၀ ထက်ကျော်လွန်လာပြီဖြစ်ကြောင်း သုတေသနအဖွဲ့တစ်ဖွဲ့ဖြစ်သည့် Tokyo Shoko Research Ltd. က မေလ ၁ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။

ဖေဖော်ဝါရီလကစ၍ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကြောင့် ဒေဝါလီခံလိုက်ရသည့် စီးပွားရေးလုပ်ငန်း အရေအတွက်သည် ယခုအခါတွင် ၁၁၄ ခု ရှိလာပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားပါသည်။ ထိုသို့ဒေဝါလီခံလိုက်ရသည့် ကုမ္ပဏီအရေအတွက် မြင့်တက်လာခြင်းသည် အစိုးရက ထုတ်ပြန်ခဲ့သည့် အရေးပေါ်အခြေအနေကြေညာချက်၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် မိမိအိမ်၌သာနေထိုင်ရန် ကန့်သတ်ချက်များ၏အကျိုးဆက်ပင်ဖြစ်ကြောင်းလည်း အဆိုပါ သတင်းထုတ်ပြန်ချက်၌ သုံးသပ်ထောက်ပြထားပါသည်။

ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု၏ သက်ရောက်မှုအကျိုးဆက်သည် ဂျပန်နိုင်ငံ၏ များစွာသောစက်မှုလုပ်ငန်းအမျိုးမျိုးတို့ကို ထိခိုက်စေခဲ့ပါကြောင်း၊ ဗိုင်းရပ်စ်ကြောင့် ဆိုးရွားစွာ ထိခိုက်ခဲ့ရသည့် စီးပွားရေးလုပ်ငန်းများတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၊ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ အဝတ်အထည်ဆိုင်များစသည်တို့ပါဝင်ကြောင်း သိရသည်။ မြို့တော်တိုကျိုတွင် ဒေဝါလီခံရသည့် စီးပွားရေးလုပ်ငန်းအရေအတွက် အများဆုံးဖြစ်ပြီး၊ ဟော့ကိုင်းဒိုး၊ ရှီဇူအိုကာနှင့် အိုဆာကာ စီရင်စုဒေသများရှိ စီးပွားရေးလုပ်ငန်းများကိုလည်း ဆိုးရွားစွာ သက်ရောက်ခဲ့ကြကြောင်း သိရပါသည်။ ဆက်လက်၍ နိုင်ငံအတွင်း ဒေဝါလီခံမည့်ကုမ္ပဏီအရေအတွက် ပိုမိုတိုးတက်လာနိုင်ခြေရှိသည့်အတွက် ငွေကြေးအကျပ်အတည်း ကျရောက်နေကြသည့် ကုမ္ပဏီများကို ငွေကြေးထောက်ပံ့မှုများဆောင်ရွက်ပေးရန် အရေးပေါ်လိုအပ်နေပြီဖြစ်ကြောင်း အဆိုပါသုတေသနအဖွဲ့က ထောက်ပြ ပြောကြားခဲ့ပါသည်။

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## ဂျပန်နိုင်ငံအနေဖြင့် ပထမ ၃လပတ်၏ ဂျီဒီပီ ကျဆင်းနိုင်မည်ဟု ခန့်မှန်း

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုဖြစ်ပွားနေပြီး စီးပွားရေးထိခိုက်မှုများ ကြုံတွေ့နေရသည့်အတွက် ဂျပန်နိုင်ငံအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ၃ လပတ်ကာလ၏ ပြည်တွင်း အသားတင်ထုတ်ကုန်တန်ဘိုး (GDP) ကျဆင်းမည်ဟု စီးပွားရေး ကျွမ်းကျင်သူများက ခန့်မှန်းထားပါသည်။

ဂျပန်နိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်အတွက် စီးပွားရေး တိုးတက်မှုနှုန်းသည် အနှုတ် (– ၃.၅% ) မှ အနှုတ် (– ၆.၅%) အတွင်း ရှိမည်ဖြစ်ကြောင်း၊ ထိုကျဆင်းမှုနှုန်းသည် ၃ လပတ်ကာလ နှစ်ကြိမ်ဆက်တိုက် စီးပွားရေးကျဆင်းနိုင်မည်ဖြစ်ကြောင်း ပုဂ္ဂလိကသုတေသနဌာန ၁၀ ခု က ခန့်မှန်း ပြောဆိုခဲ့ပါသည်။

ပထမ ၃ လပတ်ကာလအတွက် ကျဆင်းမှု၏ နောက်ခံအကြောင်းရင်းသည် ပြီးခဲ့သည့် ၂၀၁၉ အောက်တိုဘာလက အစိုးရ၏ စားသုံးခွန်နှုန်းထားများ တိုးမြှင့်ခဲ့ခြင်းကြောင့် ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလမှ မတ်လအထိ ၃ လပတ်ကာလအတွင်း ကိုရိုနာကပ်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အစိုးရကပြည်သူများအား နေအိမ်ပြင်ပမထွက်ကြရန်၊ ခရီးသွားခြင်းများနှင့် အပြင်ထွက် ဝယ်ယူစားသောက်ခြင်းများ ရှောင်ကြဉ်ကြရန် တိုက်တွန်းခဲ့သဖြင့် လူတစ်ဦးချင်းစီ၏ ဝယ်ယူစားသုံးမှုလည်း ကျဆင်းခဲ့ခြင်းဖြစ်ပါသည်။ ထို့အပြင် ကမ္ဘာနှင့်အဝှမ်း စီးပွားရေးဆောင်ရွက်မှုများ ရပ်တန့်နေသဖြင့် နိုင်ငံ၏ ကုန်သွယ်မှုလည်း ကျဆင်းခဲ့ကြောင်း သုံးသပ်ကြပါသည်။

ပုဂ္ဂလိက သုတေသနဌာန ၁၀ ခုက ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှ ဇွန်လအတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများ ပိုမိုကြီးမားလာနိုင်ကြောင်း၊ ကျွမ်းကျင်သူအချို့က ၂၀၀၈ ခုနှစ်က တွေ့ကြုံခဲ့ရသည့် ကမ္ဘာ့ငွေကြေးအကျပ်အတည်းကာလကထက်ပင် ပိုမိုကာ စီးပွားရေးကျဆင်းမှု ၂၀ % ထက်ကျော်လွန်နိုင်ကြောင်း ခန့်မှန်းနေကြပါသည်။

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## ဂျပန်အစိုးရက ထပ်မံတိုးမြှင့်မည့် အရေးပေါ်ကာလအတွင်း စီးပွားရေးလုပ်ငန်းများ လုပ်ငန်းပြန်လည်ဆောင်ရွက်နိုင်ရန် အခြေခံအချက်အလက်များ ထုတ်ပြန်ရန် စီစဉ်နေ

နိုင်ငံတစ်ဝှမ်း အရေးပေါ်အခြေအနေ သက်တမ်းထပ်မံတိုးမြှင့်သည့်အချိန်တွင် စီးပွားရေးလုပ်ငန်းများအား တစ်စိတ်တစ်ဒေသပြန်လည်ခွင့်ပြုဆောင်ရွက်ရေးနှင့် ပတ်သက်သည့်အခြေခံအချက်အလက်များကို ထုတ်ပြန်ရန် ဂျပန်အစိုးရ က ပြင်ဆင်ဆောင်ရွက်နေပါသည်။

ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းအဝေးကို မေလ ၄ ရက်နေ့တွင်ပြုလုပ်ခဲ့ပြီး မေလ ၆ ရက်နေ့တွင် သက်တမ်းစေ့ရောက်မည့် ပထမအကြိမ်အရေးပေါ်သက်တမ်းအစီအစဉ်အပြီး မေလ ၃၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်မည့် အရေးပေါ်ကာလ တစ်လအတွင်း စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းပြန်လည်လည်ပတ်မှုနှင့်ပတ်သက်သည့် အခြေခံသဘောထား အချက်အလက်များ ထုတ်ပြန်ရန်ဆွေးနွေးခဲ့ပါသည်။

သက်တမ်းတိုးမြှင့်ရသည့် အကြောင်းအရင်းများနှင့်ပတ်သက်၍ အစိုးရအနေဖြင့် လတ်တလောနိုင်ငံအတွင်း ကူးစက်မှုအရေအတွက် ကျဆင်းလာသော်လည်း နိုင်ငံ၏ကျန်းမာရေးစောင့်ရှောက်မှုစနစ်အနေဖြင့် ဆောင်ရွက်နေသည့် အနေအထားထက် ပိုမိုဝန်ပိနေသည့်သဖွယ်ဖြစ်နေကြောင်းဆိုပါသည်။ ကိုရိုနာဗိုင်းရပ်စ်တုန့်ပြန်ရေးဆိုင်ရာ ဝန်ကြီး Mr. Nishimura Yasutoshi က စီးပွားရေးလုပ်ငန်းများ ပြန်လည်ဆောင်ရွက်လုပ်ကိုင်နိုင်ရေးအတွက် အခြေခံသဘောထား အချက်အလက်များကို ထုတ်ပြန်မည်ဖြစ်ကြောင်းကို တိုကျိုနှင့်အိုဆာကာတို့မှ အုပ်ချုပ်ရေးမှူးများနှင့် အင်တာနက်မှတစ်ဆင့် ဆွေးနွေးခဲ့မှုတွင် ပြောကြားခဲ့ပါသည်။

ကူးစက်မှုပြန့်ပွားနေခြင်းကို ထိန်းချုပ်နိုင်ရန် ပြည်သူပြည်သားများအနေဖြင့် နေအိမ်မှာပဲနေထိုင်ကြရန် မေတ္တာရပ်ခံချက်များနှင့် အခြားသောကန့်သတ်ချက်များ ချမှတ်ခဲ့ခြင်းကြောင့် စီးပွားရေးလုပ်ငန်းများအနေဖြင့် ပေးဆပ်မှုများ ရှိနေကြောင်းကို အစိုးရပိုင်းမှ နားလည်ပါကြောင်း၊ ကူးစက်မှုများ သိပ်မများပြားသည့် အရပ်ဒေသများတွင် အချို့သော အရေးယူကန့်သတ်ဆောင် ရွက်မှုများကို အထိုက်အလျောက်လျော့ချပေးရန် စဉ်းစားပြင်ဆင်နေပါကြောင်း သိရပါသည်။

မည်သို့သော စီးပွားရေးလုပ်ငန်းမျိုးကို ပြန်လည် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုမည် ဟူသည့် အချက်နှင့်ပတ်သက်၍ အစိုးရက သုံးသပ်နေပြီး ဗိုင်းရပ်စ်ကူးစက်မှုထိန်းချုပ်ရေးအတွက် အထူး သတိပေးချက် ထုတ်ပြန်ထားသည့် မြို့တော်တိုကျိုအပါအဝင် အခြားသော စီရင်စု ၁၂ ခုအပေါ် ကန့်သတ်ချက်များ လျော့ချရန် အစီအစဉ်မရှိသေးကြောင်း သိရပါသည်။

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 11th May. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 10,000 | 10,500 | 10,000 | 152 | 1,572,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,650 | +50 | +1.39% | 3,650 | 3,650 | 3,600 | 1,266 | 4,562,900 | 38,929,150 | 142,091 |
| MCB | 00003 | 8,300 | -700 | -7.78% | 8,500 | 8,500 | 8,300 | 51 | 428,900 | 10,400,986 | 86,328 |
| FPB | 00004 | 23,500 | +0 | +0.00% | 23,500 | 23,500 | 23,500 | 128 | 3,008,000 | 2,472,053 | 58,093 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 121 | 332,750 | 12,823,224 | 35,264 |

Activate Windows

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 442.89 | -3.90 | -0.87% | 434.51 | 442.89 | 431.57 | 1,718 | 9,905,050 | 5 | 606,460 |

### Index chart




Activate Windows
Go to Settings to activa

## Market Overview

As of 1:00 pm, 11th May. 2020

| MYANPIX | 442.89 ▼ 3.90 |
|---|---|
| Total Volume (shares) | 1,718 |
| Total Value (MMK) | 10 mil |
| Listed Company | 5 |
| Market Cap. (MMK) | 606,460 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,650 | ▲ 50 |
| MCB | 00003 | 8,300 | ▼ 700 |
| FPB | 00004 | 23,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |